# ထိတွေ့သူ နောက်ယောင်ခံခြင်း

# မေးလေ့မေးထရှိသော မေးခွန်းများ

### ထိတွေ့မှု နောက်ယောင်ခံခြင်း ဆိုသည်မှာ ဘာပါလဲ။

ကိုဗစ် - ၁၉ ကဲ့သို့သော ရောဂါများ ပျံ့နှံ့ခြင်းကို ရပ်တန့်ရာတွင် ကူညီရန် နှင့် ကန်တက္ကီ ပြည်နယ်သားများ ကျန်းမာပြီး ဘေးကင်းစွာ နေနိုင်အောင်ကူညီရန် ကန်တက္ကီ ပြည်နယ်က ထိတွေ့သူ နောက်ယောင်ခံခြင်းကို အကောင်အထည်ဖော်နေပါသည်။ အလုပ်သို့ ဘေးကင်းစွာ ပြန်ဝင်နိုင်ရန် နှင့် စီးပွားရေးလုပ်ငန်း ပြန်လည်စတင်ရန် ထိတွေ့သူ နောက်ယောင်ခံခြင်းက အဓိကသော့ချက်ဖြစ်ပါသည်။

- ပြည်သူ့ကျန်းမာရေးလုပ်သားများက ကိုဗစ် - ၁၉ ရှိသူများအား ၄င်းတို့၏ အခြေအနေကို အကဲဖြတ်ရန်၊ ကူညီပေးသည့် ရင်းမြစ်များ ပေးအပ်ရန်၊ နှင့် ရောဂါနှင့် ထိတွေ့ခဲ့နိုင်သည့် လောလောလတ်လတ် လူကိုယ်တိုင် ထိတွေ့မှုရှိခဲ့သူတစ်ဦးဦးအကြောင်း မေးမြန်းရန် အဆိုပါသူများအား ဆက်သွယ်ပါသည်။ ရောဂါပျံ့နှံ့မှုကို မည်သို့ရပ်တန့်ပုံ နှင့် ၄င်းတို့ ပြန်လည်နာလန်ထူလာသည်အထိ ဘာလုပ်ဆောင်ရန် နှင့်ပတ်သက်ပြီး လမ်းညွှန်ချက်များ ပေးအပ်ထားပါသည်။
- ၄င်းတို့အနေဖြင့် ကိုဗစ် -၁၉ နှင့် ထိတွေ့ခဲ့နိုင်သည့် လောလောလတ်လတ် လူကိုယ်တိုင် ထိတွေ့ခဲ့သူများကို အသိပေးပြီး လမ်းညွှန်ချက်များ ပေးအပ်ကာ ဒေသဆိုင်ရာ ရင်းမြစ်များဖြင့် ဆက်သွယ်ပေးပါသည်။
- အဆိုပါသူများ မည်သို့ရှိကြောင်းသိရှိရန် နှင့် အချက်အလက်သစ်တစ်ခုခု စုဆောင်းရန် ၄င်းတို့က နောက်ဆက်တွဲလိုက်သည့် ဖုန်းခေါ်ဆိုမှုများကို လက်ခံပါသည်။
- ပြည်သူ့ကျန်းမာရေးလုပ်သားများမှ ပေးအပ်သည့် လမ်းညွှန်ချက်များကို လိုက်နာခြင်းဖြင့် ထိတွေ့ခဲ့သူများသည် ကိုဗစ် - ၁၉ ပျံ့နှံ့မှုကို ရပ်တန့်ရာတွင် ကူညီပြီး ကန်တက္ကီ ပြည်နယ်သားများ၏အသက်ကို ကယ်တင်ပေးပါသည်။

စတင်သည့်နေ့ 8/10/2020

ယင်းက ကန်တက္ကီပြည်နယ် ပြည်သူ့ကျန်းမာရေး ဌာန (KDPH) နှင့် ဒေသန္တရာ ကျန်းမာရေးဌာနများမှ အသုံးပြုသည့် ရှိလက်စ လုပ်ငန်းစဉ်တစ်ခု၏ အစိတ်အပိုင်းဖြစ်ပါသည်။ ထိတွေ့သူ နောက်ယောင်ခံရေး၏ ရည်ရွယ်ချက်မှာ အခြားသူများအတွက် ကျန်းမာရေး အန္တရာယ်ကို လျှော့ချရန် နှင့် လူထုအသိုင်းအဝိုင်းများအား ထပ်မံထိတွေ့မှုများမှ ကာကွယ်ပေးပါသည်။ ရင်းမြစ်များကို ကိုဗစ် -၁၉ ရှိသူများ သာမက ကိုဗစ် -၁၉ နှင့်ထိတွေ့မှု ရှိနိုင်ခဲ့သူများပါ နှစ်ဦးစလုံးကို ကူညီရန် ပေးအပ်ပါသည်။ ပြည်သူ့ကျန်းမာရေး လုပ်သားမှ စုဆောင်းခဲ့သော အချက်အလက်များအားလုံးသည် ကိုယ်ရေးကိုယ်တာဖြစ်ပြီး ထုတ်ပြန်မည်မဟုတ်သလို အများသိအောင် မလုပ်ပါ။

## ဘာအတွက်ကြောင့် ကျွန်ုပ်၏အချက်အလက်များကို ကျွန်ုပ်အားမေးမြန်းနေပါသလဲ။

အိမ်ဖြူတော်၊ ပြည်ထောင်စု နှင့် ပြည်နယ် ကျန်းမာရေး ကျွမ်းကျင်သူများ၊ နှင့် နိုင်ငံတစ်ဝှမ်းရှိ မြို့တော်ဝန်များထံမှ လမ်းညွှန်ကို လိုက်နာပြီး ကန်တက္ကီ ပြည်သူ့ကျန်းမာရေးဌာန နှင့် သင်၏ ဒေသန္တရ ကျန်းမာရေးဌာနတို့က ကိုဗစ် -၁၉ အတွက် ထိတွေ့သူ နောက်ယောင်ခံခြင်းကို လုပ်ဆောင်ပါမည်။ ကျွန်ုပ်တို့၏ လူထုအသိုင်းအဝိုင်းများ၏ ကျန်းမာရေး နှင့် ဘေးကင်းရေးကို ကာကွယ်ရန်အလို့ငှာ သင်၏ ကိုဗစ် - ၁၉ နှင် ထိတွေ့မှုရှိခဲ့နိုင်သည့် အန္တရာယ်ကို ဆွေးနွေးရန် နှင့် ဗိုင်းရပ်စ်ပိုး ပျံ့နှံ့ခြင်းကို နှေးစေရန် ညွှန်ကြားချက်များ ပေးအပ်နိုင်ပါသည်။

## ကျွန်ုပ်ပေးအပ်သော အချက်အလက်များက သီးသန့်ဖြစ်ပါသလား။

ဖြစ်ပါသည်၊ သင်ပေးသော အချက်အလက်ကို ကိုယ်ရေးကိုယ်တာ နှင့် လျှို့ဝှက်အဖြစ် လုံးလုံးလျားလျား သိမ်းဆည်းပါသည်။ ကိုဗစ် -၁၉ ပိုးရှိကြောင်း စစ်ဆေးတွေ့ရှိခဲ့သူများ အပြင် လူကိုယ်တိုင်ထိတွေ့မှု လောလောလတ်လတ် ပြုလုပ်ခဲ့သူများနှင့် စပ်လျဉ်းသည့် အချက်အလက်များကို ထုတ်ပြန်မည်မဟုတ်သလို အများသိအောင်လည်း မလုပ်ပါ။

## ကျန်းမာရေးဌာနက ကျွန်ုပ်၏အချက်အလက်ကို မည်သို့ရရှိခဲ့ပါသလဲ။

ကျန်းမာရေး စောင့်ရှောက်မှုပေးသူများအနေဖြင့် ကိုဗစ် - ၁၉ ရောဂါပိုးရှိကြောင်းပြသည့် ဓာတ်ခွဲခန်း စစ်ဆေးမှုတစ်ခုရှိသူ သို့မဟုတ် ကိုဗစ် -၁၉ ရှိရန် အလားအလာမြင့်မားသူ မည်သူမဆိုကို ဒေသန္တရကျန်းမာရေးဌာနသို့ သတင်းပို့ရန် လိုအပ်ပါသည်။

စတင်သည့်နေ့ 8/10/2020

အကယ်၍ သင်သည် ကိုဗစ် - ၁၉ ရှိသူ တစ်စုံတစ်ဦးနှင့် လောလောလတ်လတ်ထိတွေ့လာခဲ့ပါက သင်၏အချက်အလက်ကို ၄င်းတို့ထံမှ ကျွန်ုပ်တို့ ရရှိပါသည်။ ၄င်းတို့က သင့်အား သို့မဟုတ် ၄င်းတို့အနေဖြင့် သင့်အား ကိုဗစ် - ၁၉ ထိတွေ့စေနိုင်ချေရှိခဲ့သည့် နေရာကို ခွဲခြားဖော်ထုတ်ပါသည်။

## ကျွန်ုပ်အား အဘယ်ကြောင့် ကန်တက်ကီ ပြည်သူ့ကျန်းမာရေးဌာန (KDPH) သို့မဟုတ် ဒေသန္တရ ကျန်းမာရေးဌာန (LHD) မှ ဆက်သွယ်ပါမည်လဲ။

သင့်အား ဆက်သွယ်နိုင်သည့် အကြောင်းရင်း နှစ်ခုရှိပါသည် - သင့်ထံတွင် ကိုဗစ် - ၁၉ ရှိ၍သော်လည်းကောင်း သင်သည် ကိုဗစ် -၁၉ ရှိသူတစ်ဦးအနီးတွင် လောလောလတ်လတ် ရှိနေခဲ့ပြီး ရောဂါနှင့် သင် ထိတွေ့မိခဲ့ဟန် ရှိနိုင်သောကြောင့်ဖြစ်သည်။

အကယ်၍ သင့်ထံတွင် ကိုဗစ် - ၁၉ ရှိပါက -

- ပြည်သူ့ကျန်းမာရေး ဝန်ထမ်းတစ်ဦးက သင်မည်သို့ရှိနေပုံကို မေးမြန်းရန် နှင့် သင့်အား ရင်းမြစ်များနှင့် ဆက်သွယ်ပေးရန် တစ်ခုခု လိုမလို ကြည့်ရှုပါမည်။
- ပြည်သူ့ကျန်းမာရေး လုပ်သားက သင့်ထံတွင် ယခု ကိုဗစ် - ၁၉ ရှိနေသည့်အတွက် ဘာလုပ်ရမည်ဆိုသည်ကို ရှင်းပြပါလိမ့်မည်။
- ပြည်သူ့ကျန်းမာရေးဝန်ထမ်းက လေလောလတ်လတ် သင် လူကိုယ်တိုင်အတူရှိနေခဲ့သူ စာရင်းကို မေးမြန်းပါလိမ့်မည်၊ သို့မှသာ ကျွန်ုပ်တို့အနေဖြင့် ၄င်းတို့သည် ကိုဗစ် - ၁၉ နှင့် ထိတွေ့ကောင်း ထိတွေ့ခဲ့နိုင်ကြောင်း အသိပေးနိုင်ပါသည်။ သင်၏အချက်အလက်ကို ကိုယ်ရေးကိုယ်တာအဖြစ် လုံးလုံးလျားလျား သိမ်းဆည်းထားပါမည်။

အကယ်၍ သင်သည် ထိတွေ့မိခဲ့သူဖြစ်ပါက -

- ပြည်သူ့ကျန်းမာရေး ဝန်ထမ်းတစ်ဦးက သင်သည် ကိုဗစ် - ၁၉ ဖြင့် ထိတွေ့မိခဲ့သည့်အလားအလာရှိကြောင်း သင့်အားပြောပါလိမ့်မည်။
- ပြည်သူ့ကျန်းမာရေး ဝန်ထမ်းတစ်ဦးက သင်မည်သို့ ခံစားရကြောင်းမေးမြန်းပြီး သင့်အား ရင်းမြစ်များနှင့် ဆက်သွယ်ပေးရန် တစ်ခုခု လိုမလို ကြည့်ရှုူပါလိမ့်မည်။

- ပြည်သူ့ကျန်းမာရေး ဝန်ထမ်းတစ်ဦးက သင့်ထံတွင် ရှိနေသော ရောဂါသွင်ပြင်လက္ခဏာများအပေါ် မူတည်၍ နောက်ထပ်အဆင့်များ ဆက်လက် လုပ်ဆောင်ပါမည်။

ထိတွေ့သူ နောက်ယောင်ခံခြင်း၏ ရည်ရွယ်ချက်မှာ လူမှုအသိုင်းအဝိုင်းအတွင်း ကိုဗစ် - ၁၉ ပျံ့နှံ့မှုကို ရပ်တန့်ရန် နှင့် ကန်တက္ကီ ပြည်နယ်သားများ၏ အသက်ကို ကယ်တင်ရန်ဖြစ်ပါသည်။ ပြည်သူ့ ကျန်းမာရေး လုပ်သားများပေးအပ်သော လမ်းညွှန်ချက်များကို လိုက်နာခြင်းဖြင့် သင်ချစ်ခင်ရသူများ နှင့် သင်သိသောလူများ နာမကျန်းဖြစ်မလာအောင် ထားရာတွင် သင်ကူညီနိုင်ပါသည်။

## ကျွန်ုပ်၏ အချက်အလက်ကို ပေးခြင်းက ကျွန်ုပ်အပေါ် မည်သို့ အကျိုးခံစားခွင့် ပေးပါမလဲ။

အကျိုးခံစားခွင့် များစွာရှိပါသည်။ ယင်းတို့မှာ -

- သင်ချစ်ခင်ရသူများ နှင့် သင်၏အသိုင်းအဝိုင်းကို ကိုဗစ် - ၁၉ ပျံ့နှံ့ခြင်းကို ရပ်တန့်ရာတွင် ကူညီပေးခြင်း။
- အောက်ပါတို့အပါအဝင် ဤအချိန်ကာလအတွင်း သင်လိုအပ်နိုင်သည့် ရင်းမြစ်များကို အလှမ်းမီရရှိရန် -
    - o မည်သို့ နှင့် မည်သည့်နေရာတွင် ရောဂါပိုးစစ်ဆေးနိုင်ပုံ၊
    - o အကယ်၍ သင် ကိုဗစ် - ၁၉ ရရှိပါက ဘာလုပ်ရမည်။
- ပြည်သူ့ကျန်းမာရေး လုပ်သားတစ်ဦးထံမှ အဖြေများ ရယူပါ။

## ကျွန်ုပ်ပေးအပ်သော အချက်အလက်များဖြင့် ဘာပြုလုပ်ပါမည်လဲ။

သင်၏အချက်အလက်ကို ကိုယ်ရေးကိုယ်တာအဖြစ် လုံးလုံးလျားလျား ထားရှိပြီး ပြည်သူ့ကျန်းမာရေး ရည်ရွယ်ချက်အတွက်သာ အသုံးပြုပါမည်။ လျှို့ဝှက် အချက်အလက်များကို အများပြည်သူထံသို့ ကျွန်ုပ်တို့ မထုတ်ပြန်ပါ။

အကယ်၍ သင်သည် ကိုဗစ် - ၁၉ ရှိသူတစ်ဦးဖြစ်ပါက သင်နှင့် ထိတွေ့ခဲ့ရန် အလားအလာရှိသူများအဖြစ် သင် အမည်တပ်ခဲ့သူများအား ၄င်းတို့ မည်သူနှင့်

ထိတွေ့ခဲ့မိသည်ဆိုသည်ကို ပြောမည်မဟုတ်ပါ။ ယင်းက သင်၏အချက်အလက်ကို ကိုယ်ရေးကိုယ်တာ သီးသန့်အဖြစ် သိမ်းဆည်းကြောင်း ဆိုလိုပါသည်။

အကယ်၍ သင်သည် ထိတွေ့သူတစ်ဦးဖြစ်ပါက -

- ကိုဗစ် - ၁၉ ရှိသူအား သင်ပြောသည့်အရာများကို ကျွန်ုပ်တို့ ပြန်ပြောမည်မဟုတ်ပါ။
- သင်၏ ကိုယ်ရေးကိုယ်တာ အချက်အလက်များကို ထုတ်ပြန်မည် မဟုတ်ပါ။
- သင်၏ ရောဂါသွင်ပြင်လက္ခဏာများ နှင့် ရောဂါအခြေအနေကို သင်နေပြန်ကောင်းလာကြောင်း နှင့် ရောဂါ ထပ်မံ မပျံ့တော့ကြောင်း သေချာစေရန် အသုံးပြုပါမည်။

**ဆောင်းဦးရာသီ၌ လူကိုယ်တိုင်တက်ရောက်ရန် ကျောင်းများဖွင့်ပါက ကိုဗစ် - ၁၉ စစ်ဆေးရာ၌ ရောဂါရှိကြောင်း အဖြေထွက်ထားပြီး လူပေါင်း ၁၀၀ ကျော် နှင့် ထိတွေ့ရန် အလားအလာရှိနိုင်သည့် ကျောင်းသားတစ်ဦး၏ ထိတွေ့မှု နောက်ယောင်ခံခြင်းက ဘာနှင့် တူပါမည်လဲ။**

ညွှန်ကြားချက်များ နှင့် ထပ်ဆောင်းလမ်းညွှန်များက ကိုဗစ် - ၁၉ စစ်ဆေးတွေ့ရှိထားသော ကျောင်းသား နှင့် မည်မျှနီးနီး နှင့် မည်မျှကြာကြာ အချိန်ကုန်ခဲ့ကြောင်းအပေါ် မူတည်ပါလိမ့်မည်။ ပြည်သူ့ကျန်းမာရေး ဝန်ထမ်းတစ်ဦးက ရောဂါ စစ်ဆေးတွေ့ရှိထားသော ကျောင်းသားကိုဖြစ်စေ ကျောင်းသားတစ်ဦး၏ မိဘ သို့မဟုတ် အုပ်ထိန်းသူကိုဖြစ်စေ ဆက်သွယ်ပြီး ထိတွေ့သူ နောက်ယောင်ခံသူများက အလားအလာရှိသည့် ထိတွေ့ခဲ့သူများထံ ဆက်သွယ်ပြီး ၄င်းတို့အား လမ်းညွှန်များ နှင့် ရှေ့ဆက်လုပ်ရမည့်အဆင့်များ ပေးအပ်ပါသည်။

**ကျွန်ုပ်တို့သည့် ကျွန်ုပ်တို့၏ ထိတွေ့သူ နောက်ယောင်ခံသူများ၏ အားထုတ်မှုများအား မလုပ်မဖြစ် လုပ်ငန်းတစ်ခုအနေဖြင့် အားထားပါသည်။ ကျွန်ုပ်တို့၏ဝန်ထမ်းများအားလည်း အသိပေးကာ ကွာရန်တင်းစောင့်ကြည့်မှု ကျွန်ုပ်တို့ ဆက်လက်လုပ်ဆောင်ပါမည်လား။**

မလုပ်ပါ၊ တစ်စုံတစ်ဦးသည် ကိုဗစ် - ၁၉ ရောဂါပိုး စစ်ဆေးတွေ့ရှိခဲ့ပါက ဒေသန္တရ ကျန်းမာရေးဌာနများ (LHDs) အနေဖြင့် အသိပေးချက်တစ်ခု ရရှိမည်ဖြစ်ပြီး ယင်းက ထိတွေ့မှု

နောက်ယောင်ခံမှု စတင်စေပါလိမ့်မည်။ ထို့နောက်တွင် အလားအလာရှိသော ထိတွေ့မှုများအားလုံးကို ဖော်ထုတ်ရန် အဆိုပါလူနာက ပြည်သူ့ကျန်းမာရေး ဝန်ထမ်းတစ်ဦးနှင့် အလုပ်လုပ်ပါလိမ့်မည်။ အဆိုပါ ထိတွေ့မှုရှိခဲ့သူများကို ထိတွေ့မှု နောက်ယောင်ခံသူက ဆက်သွယ်ပြီး လမ်းညွှန် နှင့် နောက်ဆက်လုပ်ရမည့် အဆင့်များကို ပေးအပ်ပါသည်။

သို့ပါသော်လည်း ဤအချင်းအရာကို စီမံရာတွင်ကူညီရန် ကျွန်ုပ်တို့အားလုံးထံတွင် တာဝန်ရှိပြီး သင်ကိုယ်တိုင် နှင့် သင်ချစ်ရသူများအား ကာကွယ်ရန် လိုအပ်သည်ဟု သင်ခံစားရသည့် ကြိုတင်ဆောင်ရွက်ချက်များလုပ်ဆောင်ရန် သင့်ထံတွင် တာဝန်ဝတ္တရားရှိပါသည်။

**ယခုအခေါ်၌ လက်လီဈေးဆိုင်များ နှင့် စားသောက်ဆိုင်များ ပြန်ဖွင့်လာသဖြင့် စီးပွားရေးလုပ်သူကိုယ်တိုင်ထံတွင် ရောဂါကူးစက်ခံထားရပါက ထိတွေ့မှု နောက်ယောင်ခံသူများက မည်သို့သိနိုင်ပါမည်လဲ။**

အကယ်၍ တစ်စုံတစ်ဦးသည် ကိုဗစ် -၁၉ ရောဂါရှိသည်ဟု အတည်ပြုထားသူတစ်ဦးက ၄င်းသည် ရောဂါအတည်ပြုချက်ရပြီးသည်မှ ၁၄ ရက်အတွင်း စားသောက်ဆိုင်တစ်ဆိုင် နှင့်/သို့မဟုတ် လက်လီစီးပွားရေးလုပ်သည့်နေရာတစ်ခုသို့ သွားရောက်ခဲ့ကြောင်း သတင်းပို့ပါက စားသောက်ဆိုင် သို့မဟုတ် လက်လီစီးပွားရေးလုပ်ငန်းအနေဖြင့် ၄င်းတို့၏ ပရဝုဏ်ပေါ်တွင် ကိုဗစ် - ၁၉ ကူးစက်ခံထားရသူတစ်ဦး ရှိခဲ့ကြောင်း အသိပေးချက်တစ်ခု ရရှိပါလိမ့်မည်။ ထပ်ဆောင်း လမ်းညွှန်များ နှင့် နောက်လုပ်ရမည့်အဆင့်များကို ထိတွေ့မှု နောက်ယောင်ခံသူက ပေးအပ်ပါလိမ့်မည်။

**ထိတွေ့မှု နောက်ယောင်ခံသူတစ်ဦးဖြစ်ရန် မည်သို့လျှောက်ထားနိုင်ပါသလဲ။**

kycovid19.ky.gov ဝက်ဘ်ဆိုက်ပေါ်တွင် လင့်ခ် တစ်ခု ရရှိနိုင်ပြီး ယင်းမှတဆင့် သင် လျှောက်ထားနိုင်ပါသည်။

**ထိတွေ့မှု နောက်ယောင်ခံခြင်းက ကျန်းမာရေးစောင့်ရှောက်မှု ကျွမ်းကျင်ပညာရှင်များ နှင့် ရှေ့တန်းတွင် တာဝန်ထမ်းဆောင်နေသော လုပ်သားများကို မည်သို့သက်ရောက်ပါမည်လဲ၊**

ကျန်းမာရေး စောင့်ရောက်သူ ကျွမ်းကျင်ပညာရှင်များ နှင့် ရှေ့တန်းတွင် တာဝန်ထမ်းဆောင်နေသော လုပ်သားများအား ထိတွေ့သူ နောက်ယောင်ခံသည့် လုပ်ငန်းစဉ်အတွင်း ပါဝင်လုပ်ဆောင်နေသော အခြားလူများအာလုံးနည်းတူ လုပ်ငန်းစဉ်မှတဆင့် ခန့်ယူပါသည်။

**ဒေသန္တရ ကျန်းမာရေးဌာနက ဤအချက်အလက်ကို ၄င်းတို့၏ လူမှုရေး မီဒီယာ စာမျက်နှာများပေါ်တွင် မျှဝေပါမည်လား။**

မျှဝေပါမည်၊ ကျွန်ုပ်တို့သည့် ထောက်ကူပစ္စည်းများ ဖြန့်ဝေရေးကို LHD များဖွဲ့ ထပ်ဆောင်း၍ ထောက်ကူပစ္စည်းများကို [kycovid19.ky.gov](kycovid19.ky.gov) တွင် ဒေါင်းလုတ်လုပ်ရန် ရရှိနိုင်ပါသည်။

**ကိုယ်ရေးကိုယ်တာအချက်အလက်များကို မည်သို့သိုလှောင်သိမ်းဆည်းပြီး ဆက်သွယ်ပြီး မေးခွန်းများဖြေဆိုရန် အမေးခံရသူများအား ကာကွယ်ပါသနည်း။**

စုဆောင်းခဲ့သော အချက်အလက်များကို အချက်အလက်များစွာပါသော အတည်ပြုစစ်ဆေးချက်များဖြင့် လုံခြုံသည့် ဒေတာ ဘေ့စ်များတွင်း သိုလှောင်ထားပြီး အဆိုပါ ပြည်သူ့ကျန်းမာရေးလုပ်ငန်းကို ထောက်ကူနေသူများသာ အလှမ်းမှီရရယူနိုင်ပါသည်။ ပြည်သူ့ ကျန်းမာရေးလုပ်သားများ နှင့် ထိတွေ့မှု နောက်ယောင်ခံသူများအား ဂရုတစိုက်ဖြင့် စိစစ်ပြီး တင်းကျပ်သည့် လျှို့ဝှက်သိုသိပ်ရေးဆိုင်ရာ သဘောတူညီချက်များအတိုင်း ကပ်ငြိလိုက်နာပါသည်။

**ထိတွေ့မှု နောက်ယောင်ခံမှုအား ခြောက်လှန့်သည့် လှည့်ကွက်အမြေမာက်အများ ဆိုရှယ် မီဒီယာတွင်း လည်ပတ်နေပါသည်။ အဆိုပါ လှည့်ကွက်များအတွင်း အမှန်တရားတစ်ခုခု ရှိပါသလား။**

ထိတွေ့မှုနောက်ယောင်ခံခြင်း သည် လျှို့ဝှက် ပြီး လုံခြုံသည့် ပြည်သူ့ကျန်းမာရေး ရင်းမြစ်တစ်ခု ဖြစ်သည်။ ထိတွေ့မှု နောက်ယောင်ခံခြင်းကို ပြည်သူ့ကျန်းမာရေးလုပ်ငန်းတွင် အသုံးပြုရန်သာ ဆိုလိုပါသည်။ ရောဂါ ရှာဖွေစစ်ဆေးမှု နှင့် ထိတွေ့မှု နောက်ယောင်ခံသူများသည်

ကန်တက်ကီပြည်နယ်သားများအားလုံး၏ ကျန်းမာရေး နှင့် လုံခြုံရေးအတွက် ထောက်ခံအားပေး လှုံ့ဆော်မှုများ ဖြစ်ပါသည်။ ကန်တက်ကီ ပြည်သူ့ကျန်းမာရေးဌာနက သင်၏အချက်အလက်သည် အစဉ် လျှို့ဝှက်ပြီး လုံခြုံကြောင်း သေချာစေရန် စိတ်အားထက်သန်စွာ အလုပ်လုပ်ပါသည်။

### ထိတွေ့ခဲ့သူများအား စစ်ဆေးမှုယူရန် အကြံပြုပါမည်လား။

ထိတွေ့ခဲ့သူများအနေဖြင့် ၎င်းတို့သည် ရောဂါပိုးနှင့် ထိတွေ့မိခဲ့ပါက နှင့်/သို့မဟုတ် ရောဂါသွင်ပြင်လက္ခဏာများ တွေ့ကြုံခံစားနေရပါက ပိုးစစ်ဆေးရန် အကြံပြုပါသည်။

### ထိတွေ့ခဲ့သူများအား ပိုးစစ်ဆေးပေးသည့် နေရာတစ်ခုတွေ့ရှိရန် အကူအညီ ပေးပါမည်လား။

ပေးပါမည်။ ဒေသအလိုက် ပိုးစစ်ဆေးသည့် နေရာဆိုင်ရာ အချက်အလက်ကို ထိတွေ့မှု နောက်ယောင်ခံသူများဖြင့် စကားပြောဆိုခြင်းဖြင့် ထိတွေ့ခဲ့သူတစ်ဦးအတွက် အလုံမီရရှိအောင် ပြုလုပ်ပေးပါမည်။ ဤအချက်အလက်ကို kycovid19.ky.gov ဝက်ဘ်ဆိုက်ပေါ်တွင်လည်း ရရှိနိုင်ပါသည်။

### ထိတွေ့မှု နောက်ယောင်ခံသူတစ်ဦးက ကျွန်ုပ်၏ လူမှုဖူလုံရေး နံပါတ်၊ စကားဝှက် များ နှင့်/သို့မဟုတ် ဘဏ်နှင့်ဆိုင်သည့် အချက်အလက်များ မေးလာပါက ဘာဖြစ်ပါမလဲ။

ထိတွေ့မှု နောက်ယောင်ခံသူတစ်ဦးက ဆက်သွယ်လာပါက သင့်၏ အမည်၊ မွေးနေ့ နှင့် ကျန်းမာရေးအချက အကယ်၍ သင်၏ ဘဏ်ဆိုင်ရာ အချက်အလက် သို့မဟုတ် ကိုယ်ရေးကိုယ်တာ အချက်အလက်များကို မေးမြန်းသည့် ဖုန်းခေါ်ဆိုမှုတစ်ခု သို့မဟုတ် သတင်းတစ်ခု ရရှိပါက ပြန်မဖြေပဲ ရှေ့နေချုပ်ရုံးသို့ ဖုန်းနံပါတ် **1-800-804-7556** တွင် ခေါ်ဆို၍ ယင်းဖုန်းခေါ်ဆိုမှုကို သတင်းပို့ပါ။

**ထိတွေ့ရန် အလားအလာရှိခဲ့သူများအား ကွာရန်တင်းစောင့်ကြည့်ရန် ညွှန်ကြားပါသလား သို့မဟုတ် ရောဂါသွင်ပြင်များကိုသာ စောင့်ကြည့်ပါသလား။**

ထိတွေ့မှု နောက်ယောင်ခံသူက ထိတွေ့ခဲ့သူများအား ကိုဗစ် - ၁၉ ရောဂါပိုးနှင့် ထိတွေ့ခဲ့သော အချိန်ကာလ နှင့် နီးကပ်မှုအပေါ် အခြေပြု၍ ထိတွေ့ခဲ့သူ၏ ဘေးအန္တရာယ်အဆင့်ကို အကဲဖြတ်ပြီးနောက် နောက်ဆက်လုပ်မည့်အဆင့်များအပေါ် ညွှန်ကြားချက်များ ပေးအပ်ပါသည်။

**လျှို့ဝှက်သိုသိပ်မှုအတွင် တင်းကျပ်သည့် ဥပဒေရေးရာ နှင့် ကျင့်ဝတ်ရေးရာ လိုအပ်ချက်များရှိသည့်အခြေအနေများ၌ ထိတွေ့မှု နောက်ယောင်ခံခြင်းကို မည်သို့ ကိုင်တွယ်ပါသလဲ။**

ပိုးစစ်ဆေးတွေ့ရှိမှုများကို ဒေသန္တရ ကျန်းမာရေးဌာနများသို့ အလိုအလျောက် အစီရင်ခံပါသည်။ HIPAA စည်းမျဉ်းများ သက်ရောက်မည်ဖြစ်ပြီး ပိုးစစ်ဆေးတွေ့ရှိသူများ နှင့် ၎င်းတို့နှင့် ထိတွေ့ခဲ့သူများ၏ လျှို့ဝှက်သိုသိပ်မှုကို ကာကွယ်ရန် အကာအကွယ်များအားလုံး နေရာတကျရှိနေပါသည်။

**တစ်စုံတစ်ဦး သည် ပိုးစစ်ဆေးတွေ့ရှိပါက မည်မျှ မြန်မြန်ဆက်သွယ်ရမည်ဆိုသည့်အတွက် စံနှုန်းများ ရှိပါသလား။**

အကယ်၍ စစ်ဆေးမှုတစ်ခုတွင် ပိုးတွေ့ရှိကြောင်း အကြောင်းပြန်သည်နှင့် တပြိုင်နက် ကျန်းမာရေးစောင့်ရှောက်သူက ပိုးတွေ့ရှိမှုကို အစီရင်ခံရပါမည်။ ရောဂါ စုံစမ်းစစ်ဆေးခြင်း၏ ရည်မှန်းချက်မှာ ချက်ချင်းစတင်ရန် နှင့် ကိုဗစ် - ၁၉ ပိုးတွေ့ရှိသူနှင့် ထိတွေ့ခဲ့သူများအား ၂၄ နာရီအတွင်း အသိပေးအကြောင်းကြားရန်ဖြစ်သည်။